
ဝန်ဇင်း
Read on the move
ဆုဆုလင်းရှိန်
လရောင်နှမ်းတဲ့ ပန်းလိပ်ပြာ

## ခန့်ညားအောင်

အချစ်ဆိုတာ လှပခြင်း တောက်ပြောင်ခြင်း
ခမ်းနားခြင်းတို့ နဲ့ ဖွဲ့စည်းထားတာ
ကျွန်တော်က ငယ်ငယ်လေးကတည်းက
လှလှပပလေးတွေပဲ သဘောကျခဲ့တာ
အဲဒီအကျင့်က ကျွန်တော့်ရဲ့ အချစ်ရေးမှာ
ဒုက္ခ ပေးခဲ့လိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး…

## နွေသက်ခါး

ယောက်ျားတွေက သူတို့ ရဲ့ သဝန်တိုမှုကို မိန်းမတွေကို စွပ်စွဲခြင်း၊ မယုံသင်္ကာ ဖြစ်ခြင်းနဲ့ အဆုံးသတ်ကြတယ်။

မိန်းကလေးတွေက သူတို့ ရဲ့ သဝန်တိုမှုကို မျက်ရည်တွေ၊ အသနားခံမှုတွေနဲ့ အဆုံးသတ်ကြတယ်။

ငါတို့ မိန်းကလေးတွေကလေ ကိုယ့်ချစ်သူက ကို့ကို ယုံယုံကြည်ကြ

ည်နဲ့ တန်ဖိုးထားခြင်း ဆိုတဲ့ အရာကို အရမ်းကို လိုချင်ကြတာ ...

ဟန်ဘုန်းရှိန်

မင်းကို စော်ကားတဲ့ အပြောမျိုး မပြောနဲ့၊

အထင်သေးတဲ့ မျက်လုံးလေးနဲ့ ကြည့်မှာ တောင်

ကိုယ့်အသည်းထဲမှာ နာတယ်။

မင်းပျော်ဖို့ အတွက်ဆို ကိုယ့်ရဲ့ နှလုံးသားကိုတောင်

ချနင်းပေးမယ့် ကောင်ပါကွာ ....

*****

"ဘာ လမ်းခွဲမယ်ဟုတ်လား... နင်ပြောရက်တယ်နော် .... ငါ့မှာ ဘာ အပြစ်ရှိလို့ လဲ၊ ငါ့ကို ပြောစမ်းပါ ငါ့ကိုပြောစမ်းပါ"

ကျွန်မရင်ထဲ ဒေါသလှိုင်းများ ပြုံဆင်းလာသည် ။

"ကိုယ် ပြောနေတာ လမ်းခွဲဖို့ မဟုတ်ဘူး လေ၊ မင်းနဲ့ ညှိနေတာလေ ကွာ"

"ရှင်က ညှိနေတာ မဟုတ်ဘူး ၊ ရွေးချယ်ခိုင်းနေတာ ကျွန်မ အမြတ်နိုးဆုံးအလုပ်နဲ့ ရှင်နဲ့ လေ"

**နွေသက်ခါး** ပြောရင်း မျက်ရည်များ လိမ့်ဆင်းလာသည် ။

"ကျွန်မက ဒီ engineer အလုပ်ကို လုပ်ဖို့ ငယ်ငယ်လေးကတည်းက ရည်မှန်းချက်ရှိရှိ ကြိုးစားခဲ့တာ ကျွန်မကို အကျပ်ရိုက်တဲ့ ရွေးချယ်မှုတွေ မလုပ်ခိုင်းပါနဲ့ တောင်းပန်ပါတယ်" ပြောရင်း စိတ်မထိန်းနိုင်ဘဲ မျက်ရည်များ စီးကျလာသည် ။

"မငိုပါနဲ့ကွာ၊ ကိုယ်ပြောတာ သေချာနားထောင်ပါ ..... နွေ့အတွက် ပြောနေတာ၊ နွေ့ပုံစံလည်း ကြည့်ပါဦး၊ အသားတွေလည်း မည်းလို့ ။ ဆံပင်တွေလည်း ကြည့် ပျက်စီးနေတာပဲ၊ လစာကျတော့လည်း နည်း ... အဲလောက်ထိ ဖြစ်နေတာတောင် တွယ်တာနေတုံးပဲလား" သူပြန်ချော့လာသည် ။ ကျွန်မကလည်း ခေါင်းမာသည့် အကျင့်ရှိသည် ။

"ကျွန်မ ကျေနပ်လို့ လုပ်နေတာလေ၊ ကျွန်မအလုပ်က ဘာထိခိုက်နေလို့ လဲ၊ ရှင် ပြောနေ တာတွေက မဟုတ်သေးဘူး"

"ဟ ထိခိုက်တာမှ အရမ်းထိခိုက်တာ၊ ကိုယ်က သဘော်သားလေ။ သဘော်သား တစ်ယောက်ရဲ့ လက်တွဲဖော်က ချောချောလှလှလေး ဖြစ်သင့်တယ်။ နောက်ပြီး ကိုယ် အလုကြိုက်တာ သိရဲ့ သားနဲ့ ကိုယ်ပြောသလိုလုပ်ပါ။ အလုပ်ထွက်ပြီး ကိုယ်နဲ့ လက်ထပ်လိုက်ပါ နွေ့အိမ်မှာ လှလှပပနေ လစာကိုစုလေ။ လတိုင်းစု ပျင်းရင် စုထားတဲ့ ပိုက်ဆံနဲ့ market တစ်ခုခုမှာ အလှပြင်ဆိုင်ဖွင့်ပေ့ါ ကဲ ဘယ်လောက်အဆင်ပြေလဲ စဉ်းစားလေ"

"ရှင့်လစာမမက်ဘူး သဘော်သားမဖြစ်ခင် ကျောင်းသားဘဝထဲက ချစ်ခဲ့တာပါ နောက်ပြီး သဘော်သား တစ်ယောက်ချစ်သူက လှမယ်လို့ နွေ ဘယ်စာအုပ်ထဲကမှ မဖတ်ဖူးသလိုပဲ"

"ဟုတ်ပါတယ် ကိုယ်ကလည်း မင်းကိုမက်တယ်လို့ မပြောပါဘူး ခု လိုနေပူထဲမှာ လုပ်နေတာ မကြည့်ရက်လို့ ပါ"

"ဘာ မကြည့်ရက်တာလဲကို၊ အရင်လို မလှတော့လို့ မကြည့်ချင် တော့တာမလားကို၊ မကြည့်ချင်တော့ရင် မကြည့်ချင်ဘူး ပြောပါ အပို တွေ မပြောပါနဲ့ "

" ဒါကလည်း ဒါပေါ့ ကိုယ်ချစ်တဲ့ လူကို လှလှပပလေးမြင်ချင်တာလ ည်း ပါတာပေါ့ နွေရယ် ကိုယ်တောင်းဆိုနေတာပေါ်နော် "

ဒီလိုကျတော့လည်း ကိုယ်က သနားစရာ မျက်နှာလေးနဲ့ ။ အို မသ နားနိုင်ပါ ၊ သူ့ အလုပ်ကို ငါနားလည်ပေးသလို သူလည်း နားလည်ပေးရ မှာ ပေ့ါ။

"ကျွန်မကတော့ အလုပ်လည်း မစွန့်လွှတ်နိုင်ဘူး ရှင့်ကိုလည်း လမ်း မခွဲဘူး ဘာမှ မဆိုင်ဘူးလေ ကျွန်မကို ချစ်ရင် ကျွန်မအလုပ်ကို ရှင်ချစ် ရမယ်လေ၊ နားလည်ပေးရမယ်လေ"

ကျွန်မပေါက်ကွဲ ထွက် လာပြီလေ။

"ကိုယ်ကောင်းကောင်း တောင်းဆိုတာပါ။ မင်းရွေးပါ ဘယ်အရာ က မင်းဘ၀ကို အထောက်အကူဖြစ်မလဲ ဘယ်ဟာကမင်းဘ၀ကို လှပ စေမလဲဆိုတာပေ့ါ"

ကျွန်မတို့ နှစ်ယောက် တိုက်ခိုတ်ပွဲ ငြိမ်သက်သွားသည် ။ ကျွန်မစိတ် တွေ ရှုပ်ထွေး လာပြီ၊ ကန်တော်ကြီးကို ဖြတ်ပြီး တိုက်ခတ်လာသော လေသည် အေးမြလန်းဆန်းစေပေမဲ့ နွေ့ရင်ထဲက အပူကိုတော့ မငြိမ်းအေးစေနိုင်ဘူးလေ။ လေနှင့် အတူ လွင့်ပါသွား သော အမှိုက်များ လို ရင်ထဲက အပူတွေလွင့်ပါသွားရင် ကောင်းမယ်၊

အခုတော့ ရင်ထဲမှာ နာကျင် ခံစားနေရတယ်လေ။ ကို့ကို အရမ်းချစ်တယ် နွေ့ရဲ့ အလုပ်ကိုလည်း ချစ်တယ်။ နွေဘယ်လိုရွေးရမှာ လဲ။ ဘယ်လိုအင်အားနဲ့ ရွေးရမှာ လဲ၊ အသေသာ သတ်လိုက်ပါတော့လား ကိုရယ်။ အဖြေမထွက်ဘဲ နှစ်ယောက်စလုံး တိတ်ဆိတ်စွာ ပြီးဆုံးသွားခဲ့ပေမဲ့ ရင်ထဲမှာ မေးခွန်းတွေ များ စွာ မေးနေခဲ့မိတယ်။

အိမ်ပြန်ရောက်တော့ နွေသက်ခါး ဘာလုပ်ရမှန်းမသိ ကိုပြောသော စကားများက နားထဲကမထွက်သေး။ ကျောင်းထဲက ဖြစ်ပေါ်လာသော သံယောဇဉ်ကိုမှ မထောက် ပြောရက်လိုက်တာ။ ကျွန်မစိတ်တို့ က ဟိုးအတိတ် တစ်နေရာကို ပျံ့လွင့်နေသည် ။ နွေအရမ်း ပင်ပန်းလှသည် ။ နွေဘဝက သာယာလှပသော ဘဝမဟုတ်ခဲ့ပါ။ အရမ်း ပင်ပန်းဆင်းရဲခဲ့ရတယ်။ engineer ဖြစ်ဖို့ အလုပ်တွေကြိုး စားခဲ့ရတယ်။ ပင်ပင်ပန်းပန်း နေထိုင်ခဲ့ရတယ်။ လွယ်လွယ်ကူကူ ရခဲ့တာတော့ မဟုတ်ချေ။ နွေ့ဘဝရဲ့ ခါးသီးတဲ့ အတိတ်တွေကို နွေ ယနေ့ထက်ထိ မမေ့နိုင်သေးပါ။ ထိုနေ့က မမေ့နိုင်စရာ နေ့တစ်နေ့ပါ။

*****

# အတိတ် ရုပ်ဝန်းဆီသို့

"ဒေါ်ကြီးမြိုင်ရေ အဒေါ်ရေ ..."

"မင်းမှာ လဲကွယ် ရေးကြီး သုတ်ပျာနဲ့ ဘာဖြစ်လာတာလဲကွဲ့..."

"ဦးလေးလေ ဦးလေး...." မောင်မိုးနိုင်မှာ မောနေ၍ စကားဆက် ပြတ်သွားသည် ။ အမေက စိတ်မရှည်၍

"ငါ့ယောက်ျား ဘာဖြစ်တာလဲ ပြောစမ်းပါ ပြောစမ်းပါ ဟ.... "

"ဒေါ်လေး စိတ်ခိုင်ခိုင်ထားနော်၊ ဦးလေး အလုပ်လုပ်နေတဲ့ ... အပေါ်ကလေ...."

"ဟဲ့ ပြောစမ်း မြန်မြန် ... ရင်တွေပူ လာပြီ မြန်မြန်ပြောစမ်း...."

"ဟို တိုက်ပေါ်က ခြေချော်ပြီး ပြုတ်ကျလို့ ဒေါ်လေး...."

"ဘာ အခုဘယ်မှာ လဲ ပြောစမ်း....မြန်မြန် ... ဘယ်မှာ လဲ... ငါ့ယောက်ျား ဘာ...ဘာ ဖြစ်သွားသေးလဲ..."

"ဒေါ်လေး... ဦးလေးဆုံးပြီ... ဦးလေး...."

ကိုမိုးနိုင်အသံမှာ တိမ်ဝင်သွားလေသည် ။

ကိုမိုးနိုင် စကားဆုံး ဆုံးချင်း ဒေါ်မြိုင်ခင်တစ်ယောက် မျက်ရည်များ

စီးဆင်းခဲ့ရသည် ။ ငါတို့ ရဲ့ ရွှေတောင်ကြီး ပြိုကျပျက်စီးသွားပြီ။ နွေအရ မ်း ဝမ်းနည်းတယ်။ ဖေဖေရယ် သမီးတို့ ကို ထားခဲ့ပြီလား ၊ သမီးတို့ မိ သားစုကို ထားခဲ့ပြီလား ဖေဖေရယ်။

ထိုနေ့ကစပြီး ကျွန်မဘဝမှာ ဖေဖေ မရှိတော့ဘူး ... အရင်ကဆို အ လုပ်ကပြန်လာရင် ညီမလေးနဲ့ ကျွန်မကို မတွေ့ရင် တစ်အိမ်လုံး ပတ်ရှာသောဖေဖေ ခုတော့ ဖေဖေမရှိတော့ဘူး။ ဖေဖေက ကျွန်မနဲ့ ညီမ လေးကို သိပ်ချစ်ရှာတယ်။

"သမီးကြီးရေ ဒီမှာ သမီးအတွက် ဖေဖေ ဂါဝန်လေးဝယ်လာတယ် သမီးကြီးရေ လာကြည့်ပါဦး"

ကျွန်မ စာအုပ်လေးချပြီး ထွက်လာခဲ့လေသည် ။

"ဟယ်ဖေဖေရယ် သမီး အရမ်းကြိုက်တာပဲ လှလိုက်တာ "

ညီမလေးက နှုတ်ခမ်းတစူစူဖြင့် အနားရောက် လာပြီး

"ဖေဖေ မီးအတွက်ရော....."

ဖေဖေက ပြုံးစိစိဖြင့်

"ဟယ် သမီးရယ် ဖေကြီးမေ့လာတယ် ကြည့်စမ်း သမီးကြီးအတွက် ပဲပါလာတယ်...."

ညီမလေးက ဘယ်ပြောကောင်းမလဲ စပြီးကောက်ပြီပေါ့

"တွေ့လား ဖေကြီးက မျက်နှာလိုက်တယ် သမီးဆို မေ့နေတာပေါ့"

အဖေက ပြုံးရွှင်သော မျက်နှာဖြင့် ညီမလေးအနားကပ်၍ ခေါင်း လေးကို ပုတ်ပြီး ပြောရှာတယ် ။

"ဩော် သမီးရယ် မိဘဆိုတာ ကိုယ့်သားသမီးတွေကို အဖြူအမည်း

မခွဲခြားပါဘူး ငါ့သမီးလေးကို ဘယ်မေ့မလဲ ဒီမှာ ကြည့်စမ်း ..."

ညီမလေးလည်း မျက်နှာက ခုမှ ပြုံးနိုင်တော့တာလေ။

"ဒါမှ ဖေကြီးကွ "

ကျွန်မ အဖေကလေ ကျွန်မတို့ အတွက်ပဲ စဉ်းစားလွန်းတော့ အမေ့ကိုတောင် မေ့နေသလိုပါပဲ။ ကျွန်မ သိတတ်တဲ့ အရွယ်ကစပြီး ဘယ်သွားသွား ဘာလုပ်လုပ် ကျွန်မတို့ ညီအစ်မ နှစ်ယောက်အတွက်ပဲ။ ကျွန်မ သိတတ်တဲ့ အရွယ်ကစပြီး မေ့မေ့ကို လက်ဆောင်ဝယ်ပေးဖူးတာ မတွေ့ဖူးဘူးလေ။

"ဖေကြီး သမီးတို့ အတွက် နောက်တစ်ခါ မဝယ်လာပါနဲ့ နော် ... သမီးတို့ မှာ အဝတ်အစားတွေ အများကြီးပဲ။ နောက်ပြီး ခုလို သမီးတို့ ဂါဝန်တွေရော၊ ထဘီတွေရော ဝယ်လာတော့ သမီးတို့ ငရဲကြီးဦးမယ်၊ နောက်ပြီး ဖေကြီး၊ မေကြီးအတွက်လည်း ဝယ်ပါဦးနော် အဲလိုတွေ ဝယ်ဝယ်လာတော့ ဖေကြီးပိုအားနာ လာပြီ"

"အမလေး သမီးကြီးရယ် စိုးရိမ်ပါပေ့နဲ့ ဖေဖေနဲ့ မေမေက အသက်ကြီးနေပြီလေ။ မလိုတော့ပါဘူး၊ ငါ့သမီးတွေက ဖေကြီးကို အားနာတယ်ဆို စာကြိုးစားကြနော် "

"စိတ်ချနော်ဖေကြီး သမီးက အင်ဂျင်နီယာကြီး ဖြစ်ချင်တာ ဖေကြီး လုပ်နေတဲ့ အလုပ်မှာ လေ ဦးထုပ်အဖြူကြီးတွေ ဆောင်းပြီး drawing တွေဖတ်ပြီး ဟိုခိုင်းဒီခိုင်း လုပ်တာလေ၊ သမီး အရမ်းအားကျတာပဲ ဖေကြီး၊ သမီးက အင်ဂျင်နီယာမကြီး ဖြစ်ချင်တာ"

"ဟာ ... ကောင်းလိုက်တာ ငါ့သမီးကြီးအတွက် ဖေကြီးဂုဏ်ယူရမှာပေါ့၊ အင်ဂျင်နီယာမကြီး အဖေဆိုပြီးတော့..."

"ဒါပေါ့ ဖေကြီးရယ်.... "

"ငါ့သမီးငယ်ရော ဘာဖြစ်ချင်တာလဲ ပြောပြပါလား ဖေကြီးကို "

"သမီးကတော့ သူများ တွေကို ဖျော်ဖြေရတဲ့ အဆိုတော် ဖြစ်ချင်တယ် ဖေကြီး၊ သီချင်းဆိုရတာလည်း အရမ်းဝါသနာပါတယ်"

"ဟုတ်ပ့ါ သမီးငယ် ကိုယ်ဝန်ရှိတုန်းကဆို သမီးအမေကလေ အဖေ့ကို ကာရာအိုကေကို ခဏခဏ လိုက်ပို့ခိုင်းတာ သီချင်းဆိုချင်လို့ ဆိုပြီး၊ ဘာပဲဖြစ်ဖြစ်ကွာ ဖေကြီးကတော့ အဆိုတော် အဖေ၊ အင်ဂျင်နီယာ အဖေကြီး ဖြစ်ရတော့မယ်။ သမီးတွေ ကြိုးစားကြနော် "

"ဟုတ်ကဲ့ပါ ဖေကြီး ကြိုးစားပါ့မယ်ရှင့်... "

ကျွန်မနှင့် ညီမလေး ပြိုင်တူ ပြောရင်း ကြည်နူးခဲ့ရတယ်။

"ဒီသားအဖတွေ စကားပြောနေတာ မပြီးနိုင်ဘူး ။ ကျွန်တော်မျိုးမကြီးက အားလုံးပြင်ဆင် ပြီးသွားလို့ ထမင်းစားခန်းသို့ ကြွချီတော်မူကြပါရှင့်"

မီးဖိုချောင်မှ မေ့မေ့အသံ ထွက်ပေါ် လာလေပြီ။

"အေးကွယ် ငယ်ကျွန်ကြီး ကိုယ်တော်တို့ ကြွချီခဲ့ပါ့မယ် ။ စားသုံးရန် အဆင့်သင့်ပြင်ဆင် ထားပြီးတာ သေချာလော့ "

ဖေဖေ အရွှန်းဖောက်၍ မေမေနောက်ဖေးမှ ယောက်မကြီးဖြင့် ထလာပြီး ဖေ့ဖေ့ကို လိုက်ရိုက်လေတော့သည် ။

"ရှင့်က ကျွန်မကိုများ ကျွန်လေး ဘာလေးနဲ့ ယောက်မစာမိမယ်...."

ဖေဖေ ပတ်ပြေးလေပြီ။ ကျွန်မတို့ ညီအစ်မတွေ ရယ်လိုက်ရတာ တဟားဟားနှင့် တစ်အိမ်လုံး ရယ်သံတွေ လွှမ်းခြုံသွားလေသည် ။

ခုတော့ အရာအားလုံး တိတ်ဆိတ်သွားသလိုပင်၊ ဖေကြီးမရှိတော့ မေကြီးက တမှိုင်မှိုင် တတွေတွေနဲ့ ကျွန်မတို့ ညီအစ်မတွေလည်း မထူးပါဘူး၊ အရင်လို ကျွန်မတို့ ရဲ့ တံတိုင်းကြီး ပြိုကျသွားခဲ့လေပြီ။ ဖေကြီးရယ် သမီးကို့ကို စိတ်ချခဲ့ပြီလား။ ဖေကြီးမရှိတော့ ဘယ်သူ့ကို အားကိုးရမှာ လဲ ဖေကြီးရယ်။

ဖေကြီး ရက်လည်ကို အားလုံးက ကူညီကြပါတယ်။ ဖေကြီး သူဌေး ကလည်း အမေ့ကို ရင်းနှီး စားသောက်ဖို့ အရင်းအနှီး ပေးသွား ပါတယ်။ အမေကလည်း ရသမျှ အရင်းအနှီးလေးနဲ့ ဈေးဆိုင် ဖွင့်ခဲ့တယ် ။ ကျွန်မက ၈ တန်း၊ ညီမလေးက ၅ တန်းပေါ့။ ကျွန်မ အဖေ့ကို အရမ်း သတိရတယ်။ ဖေကြီးသာရှိရင် နွေတို့ မပူမပင်နေနိုင်သည် ။ အမေက လည်း ကြိုးစားပါတယ်။ ကျွန်မ ဆယ်တန်းကို ဂုဏ်ထူး သုံးဘာသာဖြင့် အောင်ခဲ့သည် ။ ထိုနေ့က အပျော်တွေစုနေရင်း အဖေ့ကိုလည်း သိရခဲ့သ ည် လေ။

အိုလူအုပ်ကြီးကလည်း အရမ်းကျပ်နေတော့ နွေ တိုးဖို့ မနည်းကြိုးစားနေရင်းနဲ့ စိတ်တွေ လည်း အရမ်းလှုပ်ရှားနေရ သည် ။ သည် ကြားထဲ ယောက်ျားလေးတွေက မိန်းကလေးမို့ အားမနာ အတင်းတိုးဝှေ့နေတာ။ ပြာလဲ့နှင့် နွေးတို့ ရင်ခုန်နေပြီ။ နွေ အရှေ့မရောက်ခင် ပြာလဲ့မက အရှေ့ကို ဘယ်လိုလုပ်ရောက်မှန်းမသိ ရောက်သွားခဲ့ပြီ။

"နွေရေ နွေ ငါတို့ အောင်တယ်ဟ အောင်တယ်"

"ဟယ် တကယ်လား ပြာလဲ့ ဂုဏ်ထူးရောပါလား ဟင်"

"နွေ နင်က သုံး ဘာသာ ငါကနှစ် ဘာသာ ပါတယ်ဟ" ကျွန်မပျော် လိုက်တာ ။

"နွေရေ ငါကတော့ ငါတက်ချင်တဲ့ နည်းပညာတက္ကသိုလ် တက်မယ် ။ နင်လည်း ငါနဲ့ တူတူ တက်ကြတာပေ့ါ၊ ငါတို့ နှစ်ယောက် အမှတ်မီ လောက်ပါတယ်ဟာ" ပြာလဲ့ပြောနေသည် များကို ကျွန်မ စဉ်းစားရ ခက်နေတယ်။

အရေးကြီးဆုံးက မေမေပါ။ မေမေ့မှာ မိန်းမတန်မဲ့ စီးပွားရှာနေရတာ။ နောက်ပြီး ညီမလေးလည်း ကျောင်းမပြီးသေးဘူးလေ။ ကျွန်မသာ နည်းပညာတက္ကသိုလ်တက်ရင် အမေ တော်တော်လေး ပင်ပန်းမယ်။ နောက်ပြီး နည်းပညာ တက္ကသိုလ်က ၅ နှစ်တောင် တက်ရမှာ ။ အဲဒီ အတောအတွင်း ညီမလေး ဆယ် တန်းနဲ့ သွားတိုက်ရင် အမေ အဆင်ပြေပါ့မလား။ ကျူရှင်စရိတ်တွေကလည်း အရမ်းကြီးပါပေ့။ နောက်ပြီး နည်းပညာတက္ကသိုလ် တက်ရင် ပိုက်ဆံက အရမ်းကုန်မှာ ။ ၅ နှစ်လုံးလုံးတက်ရမှာ မေမေ အရမ်းပင်ပန်းမှာ စိုးရိမ်ရတယ်။ အဝေးသင်တက်ပြီး အပြင်အလုပ်ပဲ ဝင်လုပ်တော့မယ်။ ဟုတ်တယ် အဲဒါ ငါ့အတွက် အကောင်းဆုံးပဲ ဖြစ်မယ်။

"သူငယ်ချင်း ပြာလဲ့၊ ငါလေ နည်းပညာတက္ကသိုလ် မတက်တော့ဘူးဟာ"

ကျွန်မ ပြောတော့ ပြာလဲ့က တားသည် ။

"နွေရာ နင့်ရဲ့ အိပ်မက်လေဟာ၊ နင်ဘယ်လို ပြောလိုက်တာလဲ၊ နောက်ပြီး ငါတို့ အတူတူတက်ရအောင်ဟာ နော်"

ပြာလဲ့ပြောသည့် စကားများက အမှန်ပါ ။

"ပြာလဲ့ရယ် ငါလည်း တက်ချင်တာပေ့ါဟာ၊ ဒါပေမဲ့ နင်သိတဲ့ အတိုင်း ငါ့အမေက ငါတို့ ညီ အစ်မနှစ်ယောက်ကို ခုချိန်ထိ မိန်းမသားတန်မဲ့ လုပ်ကျွေးနေတာ။ နောက်ပြီး ခုတလော မေကြီး ကျန်းမာရေး မကောင်း

ဘူးဟာ အရင်လို မဟုတ်ဘူး ။ နင်က နင်တို့ မိသားစုရှေ့မှာ မားမားမ တ်မတ် ရပ်တည်မယ့် အဖေရှိတယ်လေ၊ ငါ့ဆီမှာ အဲဒီလိုမျိုး အဖေမှ မ ရှိတာဟာ "

ကျွန်မ ပြောရင်း အသံများ တိမ်ဝင်သွားသည် ။ ဖေကြီးရယ်၊ ဖေကြီး မရှိတော့ သမီးတို့ မိသားစုဘဝက တကယ်ကို တံတိုင်းကြီး မရှိတော့ဘူး ။ သမီးလေ ဖေကြီးဖြစ်စေချင်တဲ့ အင်ဂျင်နီယာ ဖြစ်ချင်ပါတယ်။ ဒါပေမဲ့ ဖေကြီးရယ် သမီးကို ခွင့်လွှတ်ပါ။ သမီး မေကြီးကိုလည်း သနားတယ် ဖေကြီးရယ်။

ပြာလဲ့က ကျွန်မ မျက်ရည်တွေဝဲလာတာ ကြည့်ပြီး

"ဟာ နင်ကလည်း ဘာမှ မဖြစ်ဘူး စိတ်ဓာတ်မကျပါနဲ့ ဟာ။ ဒီနေ့ တော့ တို့ တွေ ပျော်ရမယ်လေ စိတ်ညစ်စရာတွေ မတွေးရဘူးလေ။ နောက်နေ့မှ စဉ်းစားလည်း ရတယ် ဒီကိစ္စက။ လာ တို့ တွေ အိမ်ကို ပြန်ပြောပြီးရင် ငါလာခေါ်မယ်၊ တစ်ခုခု သွားစားရအောင်"

ပြာလဲ့ပြောတာလည်း ဟုတ်ပါတယ်၊ နောက်မှ စဉ်းစားရမယ့် ကိစ္စပါ။

"အေး ဟုတ်ပ့ါ သွားကြရအောင် လာ "

အိမ်ရောက်တော့ အမေက ရင်တမမနဲ့ ။ နွေပြောလိုက်တော့လေ နွေ့ကို ဖက်ပြီးငိုလိုက်တာ ပြောမနေနဲ့ ။ ငါ့သမီးကြီးက တော်လိုက်တာ ဆိုပြီး ငိုပါလေရော။

"သမီး ပြာလဲ့နဲ့ တစ်ခုခု သွားစားကြလေ။ မေကြီးလည်း သမီး အောင်တဲ့ အထိမ်းအမှတ်နဲ့ ရပ်ကွက်ထဲ လှည့်ကြွားလိုက်ဦးမယ်လေ"

"ဩော် ... မေမေ ညီမလေး ကျူရှင်သွားတာလား မတွေ့ဘူး။ သူလ

ည်း ၈ တန်းတောင် ရောက်နေပြီနော်"

"ဟော့ နွေရေ နွေ......"

"ဩော် သမီး ပြာလဲ့ လာနေပြီ သွားတော့လေ ဒီမှာ မုန့်ဖို့ ယူသွား သမီးကြီး"

မေကြီးက သူ့ ထဘီ အထက်ဆင့်ကြားက ခပ်နွမ်းနွမ်း တစ်ထောင်တန်လေး ထုတ်ပေးသည် ။ ကျွန်မ မယူရက်ပါ ။

"ဩော် ရပါတယ် မေကြီး။ ပြာလဲ့ ဝယ်ကျွေးလိမ့်မယ်နော် ၊ ရတယ် သမီးမလိုပါဘူး"

"သမီးကြီးကို   အမေလေ မုန့်ဖိုးများများ ပေးချင်လိုက်တာကွယ်၊ ဒီရက်ပိုင်း သိပ်မရောင်း ရဘူး၊ အပြိုင်အဆိုင်တွေလည်း များ လာတယ် ....."

"ရပါတယ်အမေရယ်  ရပါတယ်။ မလိုပါဘူးအမေရယ် သမီးမှာ သုံးစရာလည်း မလိုသေးဘူး လေ၊ သွားတော့မယ်နော် ပြာလဲ့စောင့်နေလို့ "

"ဩော် အေးပါ၊  သမီးကြီးရယ် သွားတော့နော် "

ကျွန်မ မေမေ့ရှေ့မှ မြန်မြန်လှည့်ထွက်လာခဲ့သည် ။ ကျွန်မ မျက်ရည်တွေ မေ့မေ့ကို မမြင်စေချင်ပါ။

"ပြာလဲ့ ငါ မစားတော့ဘူးနော် ။ နင်နဲ့ အဖော်ပဲ လိုက်ခဲ့မယ်နော်"

ပြာလဲ့က ထုံးစံအတိုင်းပေ့ါ ကျွေးမယ်ပေ့ါ။

"လုပ်ပြီတွေ့လား၊ ငါ့စေတနာကို မစော်ကားနဲ့ နော် နွေ၊ ငါက နင့်ညီအစ်မပဲ နောက်တစ်ခါ အားနာလို့ ကတော့ သေခန်းပြတ်ပဲနော် "

ဟုတ်ပါတယ်။ ပြာလဲ့က ဟိုးငယ်ငယ်ကတည်းက ပေါင်းလာတဲ့ င

ယ်သူငယ်ချင်းတွေလေ။

"နွေ နင်က အရမ်းသိတတ်လွန်းတယ်။ နင့် ညီမအပေါ်မှာ ရော နင့် အမေ အပေါ်မှာ ရောနော်။ မုန့်ဖိုးဆိုလည်း နင်မယူဘဲ နင့်ညီမလေးကို ပေးတယ်။ ကျူရှင်လည်း မတက်ဘူး ကျောင်းမှာ ပဲ စာလုပ်တယ်"

ကျွန်မ ပြုံးမိတယ်။

"ဩော် ငါ့ညီမလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ အဖမဲ့သွားတာ ငါ့အဖေ ဆုံးတော့ သူငယ်ငယ်လေးပဲ ရှိသေးတာလေ။ ငါ သူ့ကို သိပ်သနားတယ် ၊ အရမ်းလည်း ချစ်တယ်ဟ"

"နွေ ရယ်၊ နင်က စိတ်ထား အရမ်းကောင်းတယ်၊ ငါအဲဒါမို့လို့ နင့်ကို အရမ်းခင်တာ သိလား..."

*****